www.burmeseclassic.com



BURMESE CLASSIC .com

# ဒီကနေ့ဘယ်သွားကြမလဲ

WHERE DO WE GO FROM HERE?

ဖေသိန်း

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အမှာ

လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ကျော် ပြေလောက်က ကွန်မြူနစ်ဝါဒ နဲ့ အာဏာရှင်ဝါဒတွေက ကမ္ဘာလူသားမှိုင်းတိုက် ခံခဲ့ကြရပါတယ်။

ဒီစာအုပ်လေးက အဲဒီဝါဒတွေကို ကာကွယ်နိုင်ဖို့ အသိပေး၊ ပညာပေးစာစောင် လေးတစ်အုပ်ပါ။

၁၉၅၂ ခုနှစ် **Blandford Press, London** က ထုတ်ဝေခဲ့တဲ့ **WHERE DO WE GO FROM HERE ? a simple citizen's guide to– cartoons by Cameron ; script by Hannen.** စာအုပ်ကလေးကို ကာတွန်းဆရာကြီး ဦးဖေသိန်း မြန်မာမှုပြုခဲ့တဲ့ စာအုပ် တစ်အုပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
စာမူခွင့်ပြုချက် - ၃၁၀၀၉၈၀၄၁၂
မျက်နှာဖုံးခွင့်ပြုချက် - ၃၁၀၁၂၃၀၅၁၂

၂၀၁၂ခုနှစ်၊ ဇွန်လ။ အုပ်ရေ-၅၀၀

တန်ဖိုး
၁၀၀၀ ကျပ်

မျက်နှာဖုံးသရုပ်ဖော်
ကာတွန်း ဖဗသိန်း

ပုံနှိပ်
တောက်တောက်ဝင်းပုံနှိပ်တိုက်

ထုတ်ဝေသူ
ဒေါ်ခင်လေးနွယ် (မှတ်ပုံတင်အမှတ် - ၀၄၄၈၉)

ဖြန့်ချိရေး

ရုပ်ပြောင်စာပေ
အမှတ် ၅၆၈၊ စပေါ်ငါးလမ်းသွယ်၊မြောက်ရုံလမ်းမ၊ ၁၀ ရပ်ကွက်
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၃၄၀၂၁

| | |
|---|---|
| ဖဗသိန်း၊ ဦး | ၃၃၅ |
| ဒီကဒို့ဘယ်သွားကြမလဲ / ဦးဖဗသိန်း(ရန်ကုန်) | |
| ရုပ်ပြောင်စာပေ၊ ၂၀၁၂။ | |
| ၆၄ - စာ၊ ၁၁.၅ x ၁၇.၀ စင်တီ | |







www.burmeseclassic.com

www.burmeseclassic.com

ဟိုး... ရှေးရှေးတုန်းက –

ကမ္ဘာမှာ ရေခဲတောင်တွေ မှိုလို ပေါက်နေဖူးတယ်။



အဲဒီခေတ်ကို

**ရေခဲ ခေတ်**

လို့ခေါ်ကြတယ်။



BURMESE CLASSIC .com

ပြီးတော့ ရေခဲတွေပျောက်ပြီး . . .

ကျောက်တောင်ကြီးတွေ ပေါ်ပေါက်လာတယ်၊
အဲဒီခေတ်မှာ ရဲတင်း ပေါက်ဆိန်သွားတွေကို
ကျောက်သားနဲ့ လုပ်ကြတယ်။



ဒီခေတ်ကို

**ကျောက်သား ခေတ်**

လို့ခေါ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့တဲ့ နှစ်ပေါင်း ၇,၀၀၀ကျော်လောက်အခါမှာ ကြေးသတ္တုကို အသုံးပြုတဲ့ -

# ကြေးခေတ်

ရောက်လာတယ်။





ပြီးတော့...

နောက်တစ်ခေတ်မှာ အသိဉာဏ်တွေ တိုးပွားလာလို့ သံသတ္တုကို အသုံးပြုတဲ့ -

# သံခေတ်

ကို ရောက်လာတယ်





www.burmeseclassic.com


www.burmeseclassic.com

နှစ်ပေါင်း ၁၈၀ လောက်က
လူတစ်ယောက်ဟာ ရေနွေးငွေ့ကို ဖမ်းပြီး……






….စက်ယန္တရားတွေကို
ထွင်လိုက်တယ်



အဲဒီခေတ်ကို "စက်မှုပညာခေတ်" လို့ခေါ်ကြစို့-



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

# ဝါဒခေတ်ကို ဆိုက်ရောက်ပါကြတယ်






# ဟုတ်တယ်

အခုရောက်နေတာ

**ဝါဒခေတ်** ပါပဲ။

ကမ္ဘာသူကမ္ဘာသား ကုဋေ ၂၄၀ အနက် ၉၉ ရာခိုင်နှုန်းက ဒီဝါဒ ခေတ်အကြောင်း မသိရှာကြဘူး။

ဒီဝါဒခေတ်သဘောကိုသိတဲ့ တစ်ရာခိုင်နှုန်းက ချယ်လှယ်သလို အားလုံးခံနေကြရလို့ အခု ဒုက္ခအမျိုးမျိုး တွေ့နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com

“ဝါဒ” အဓိပ္ပာယ်ကို သိလာတဲ့အခါမှာသာ
ကမ္ဘာကြီး ဘယ်လို ဖြစ်နေတယ်ဆိုတာကို သိကြပါလိမ့်မယ်။










www.burmeseclassic.com

www.burmeseclassic.com




“ဝါဒ” ဆိုတာကို ငါတို့
တွေ့ပြီပေါ့ -

“ဝါဒ” ဆိုတာ လူတွေနဲ့ နိုင်ငံတွေကို ဆုတ်ကိုင်နိုင်တဲ့ စိတ်ဓာတ်ပါပဲ။

“ဝါဒ” ဆိုတာ ကမ္ဘာကြီးကို ပြောင်းလဲအောင် စီမံဖန်တီးပေးတဲ့ စွဲလမ်းမှု၊ ယုံကြည်မှု သဘောတရားပါပဲလား။



နအခါမှာ ဘာမဆို စိတ်ကူးဉာဏ်က အချုပ်ပဲ။
ကမ္ဘာရဲ့အနာဂတ်ကိုစိတ်ကူးဉာဏ်ကဖန်တီးပေးလိမ့်မယ်။

လူဦးရေ ကမ္ဘာ့ကုဗ္ဗာတို့ရဲ့စိတ်ဓာတ်ကို စိတ်ကူး ဉာဏ်က ဆွဲဆောင်သွားလိမ့်မယ်။

ဥပမာ .......





www.burmeseclassic.com

www.burmeseclassic.com

.........လူတိုင်းလူတိုင် သိတဲ့ နမူနာဝါဒနှစ်ခုကို
စစ်ဆေးကြည့်ရအောင်။

လူတွေက ဝါဒကို အမှုမဲ့အမှတ်မဲ့ ထားပေမဲ့

ဝါဒ ကတော့

အမှုမဲ့အမှတ်မဲ့ မနေဘူး။







www.burmeseclassic.com

www.burmeseclassic.com


နမူနာဝါဒ အမှတ်(၁) **နာဇီဝါဒ**

▶ "ဟစ်တလာ" ဆိုတဲ့ လူတစ်ယောက်မှာ "စိတ်ကူးဉာဏ်" တစ်ခု ပေါ်ခဲ့တယ်။

▶ "ကမ္ဘာကို လူတစ်မျိုးတည်းက အုပ်စိုးရမယ်" တဲ့။

▶ သူက စာအုပ်တစ်အုပ် ရေးတယ်။ စာအုပ်နာမည်က "ငါ၏အားထုတ်မှု" တဲ့။ ဒီဝါဒဟာ လူထု အသည်းနှလုံးကို စွဲမက်စေတယ်။ နင်းပြားဖြစ်နေတဲ့ နိုင်ငံ တစ်ခု ဟာ နှစ်အနည်းငယ် အတွင်းမှာ ကမ္ဘာကြီးကို အံတုနိုင်လောက်အောင် အင်အားရှိလာတယ်။

ဒီတော့ - ဘာဖြစ်ကုန်တယ်ဆိုတာ အားလုံး အသိပဲ။



**ဒီဝါဒကို လူတွေက ကြိုက်ချင်ကြိုက်မယ် –**



နမူနာဝါဒ အမှတ်(၂) **ကွန်မြူနစ်ဝါဒ**

▶ "မတ်စ်" ဆိုတဲ့ လူတစ်ယောက်မှာ စိတ်ကူးဉာဏ်" တစ်ခု ပေါ်ပေါက်ခဲ့တယ်။

▶ သူ့စိတ်ကူးက "လူတန်းစား တစ်စားတည်း က စိုးမိုးရမယ်" တဲ့။

▶ သူကလည်း စာအုပ် တစ်အုပ် ရေးခဲ့တယ်။ စာအုပ်နာမည်က "ခနရှင်ဝါဒ" တဲ့။ ကမ္ဘာကြီးဟာ ပြောင်းလဲမှု ဖြစ်မယ်။ တော်လှန်ပြီး ပြောင်းလဲမှသာလျှင် နည်းမှန်လမ်းမှန်ဖြစ်တယ်လို့ယူဆတဲ့ လူထုက ကွန်မြူနစ်ဝါဒ ကို သဘောပေါက်ကြတယ်။ ဒီဝါဒကို နိုင်ငံတိုင်းလိုလိုကပဲ အနည်းနဲ့အများ စိတ်ဝင်စားလာတယ်။

ကိုင်း - ယခု ကွန်မြူနစ်ဝါဒက ကမ္ဘာကို တစ်ဝက် လွှမ်းမိုးသွားပြီ။



**ဒါကြောင့် –**
**ဒီဝါဒက လူတွေကို သိမ်းသွင်းဆွဲဆောင်နေတယ် ဆိုတာ ဝန်ခံရမယ်။**




www.burmeseclassic.com

www.burmeseclassic.com






ဒီဝါဒမှိုင်း မထိနိုက်တဲ့လူ မရှိ။
အင်မတန်ဝေးတဲ့ မြောက်ဝင်ရိုးစွန်းမှာ သွားနေတောင် မလွတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒီဝါဒ လမိုင်းကောင်ကြီးဟာ ကမ္ဘာကို ဖမ်းမြှုနိုင်တယ်။

နေရာတိုင်းမှာ -

တိုင်းပြည်တိုင်းမှာ

စက်ရုံတိုင်းမှာ


အလုပ်သမားသမဂ္ဂတိုင်းမှာ

သတင်းစာတိုင်းမှာ

တက္ကသိုလ်တိုင်းမှာ

ရုပ်ဝါဒ သဘောတရားများဟာ

လူ့ရဲ့စိတ်ဓာတ်ကို ဖမ်းစားဖို့ လက်လှမ်းနေပြီ -











www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် -
ထိပ်သီးလောကခာတ်ဆရာကြီးများဟာ
နိုင်ငံခြားကို လစ်ပြေးရတာလဲ ...

ဘာကြောင့် -
လူယုံတော်တွေဟာ
သေရေးရှင်ရေးတမျှ အရေးကြီးတဲ့
လျှို့ဝှက်စာတွေကို နိုင်ငံခြား
အစိုးရသို့ လက်ဆင့်ကမ်း ရသလဲ ...

ဘာကြောင့် -
လူဂုဏ်တန် ပညာတတ် ထိပ်သီးအရာရှိ
တို့တောင် လစ်ပြေးနေကြသလဲ ...

အကြောင်းရှာတော့-
ခေါင်းမှာချာချာလည်အောင်
ဝါဒမှိုင်းမိနေလို့ပဲ။



## စိတ်ကူး၊ ဉာဏ်ကူး၊ ဝါဒထူး

ခေတ်စားနေတဲ့ ကမ္ဘာ မှာ လူအများကို ဦးညွှတ်လာအောင်
စိတ်ကူးဉာဏ် ကို အသုံးပြုတတ်တဲ့ လူများရဲ့လက်ထဲမှာ -

**ကမ္ဘာ့ အနာဂတ်ရေးဟာ**
**တည်နေတယ်။**



www.burmeseclassic.com

www.burmeseclassic.com






# လူမျိုးများနဲ့ နိုင်ငံများကို
# ဝါ :က မျိုသွားပုံ

ဗီရှင်စကီး(ရုရှခေါင်းဆောင်ကြီး)က ပြောတယ်...

"ငါတို့က ကမ္ဘာကို လွှမ်းမိုး အုပ်စိုးမယ်၊
အနုမြူဗုံးလက်နက်နဲ့ မအုပ်စိုးဘဲ
စိတ်ကူးဉာဏ်ကူး ဝါဒထူးများနဲ့
အုပ်စိုးမယ်"....တဲ့၊

လီနင် (၁၉၂၃ခုနှစ်) က ပြောဖူးတယ်၊

"အရှေ့ပိုင်း ဥရောပတိုင်းကို ငါတို့ ပထမ
သိမ်းပိုက်မယ်၊
ဒီနောက် အာရှတိုက်က လူထုကို....."



www.burmeseclassic.com

www.burmeseclassic.com






ယခုနေ့

ငါတို့၏လက်ထဲမှာ လက်နက်ရှိရုံနဲ့ မပြီးဘူး.....

စိတ်ကူးဉာဏ် ရှိရမယ်၊
နလုံးထဲမှာလည်း အဖြေရှိရမယ်၊

**တကယ်တော့ ခုတလောမှာ**
**သေနတ်တစ်ချက်မှ မဖောက်ရဘဲ**
**နိုင်ငံတွေပါကုန်ပတော။**



www.burmeseclassic.com

www.burmeseclassic.com

ခေတ်စစ်ပွဲ ဆိုတာ – လက်နက်ချင်းပြိုင်မတိုက်ခင်
ဉာဏ်သာတဲ့ဘက်က အနိုင်ရစမြဲဘဲ .......





ဝါဒတစ်ခုကို မကြိုက်ရင်

ဒီဝါဒကို ဆန့်ကျင်လို့ဘဲ ဖြစ်ဖြစ်

လစ်လျူရှုလို့ပဲ ဖြစ်ဖြစ်

ချေမှုန်းလို့ မရဘူး။

**မကြိုက်တဲ့ဝါဒကို**
**သူ့ထက်သာတဲ့ဝါဒနဲ့သာ တိုက်ဖျက်နိုင်ပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com

# သူ့ထက်သာတဲ့ဝါဒဆိုတာဘာလဲ





စားစရာကလေး ဘာလေးစား
ကောလေး ငြိမ်ငြိမ်နေ......
စာရွက်ကလေးတစ်ရွက်ဆွဲ.......
အာရုံထဲမှာ ပေါ်လာတဲ့ ထူးတဲ့
စိတ်ကူးကို ရေးချပါ။





www.burmeseclassic.com

www.burmeseclassic.com

**နာဇီဝါဒဟာ -**

လူမျိုးတစ်မျိုးတည်းက အုပ်စိုးမှ
ခေတ်သစ်ကို ထူထောင်နိုင်မယ်လို့ ဆိုတယ်။

**ကွန်မြူနစ်ဝါဒက -**

လူတန်းစားတစ်စားတည်းက အုပ်စိုးမှ
ဘဝသစ်ကို ဖန်တီးနိုင်မယ်လို့ ဆိုတယ်။

BURMESE CLASSIC .com

**သုတ္တက်သာတဲ့ဝါဒက -**

"ဘယ်သူ မှန်တယ်" ဆိုတဲ့သဘော မဟုတ်
ဘဲ "ဘယ်ဟာ မှန်တယ်" ဆိုတဲ့ ဓမ္မဓိဋ္ဌာန်
သဘောနဲ့ ကမ္ဘာကို တည်ထောင်နိုင်မယ်လို့
ဆိုတယ်။








www.burmeseclassic.com

www.burmeseclassic.com

အဆောက်အဦ ဆောက်ရာမှာ လုံးဝမှန်တဲ့
စံချိန် ရှိသလို လူလူချင်း ပေါင်းသင်း ဆက်ဆံရာမှာလည်း
လုံးဝမှန်တဲ့ စံချိန် ရှိတယ်။

အားလုံး အသိအမှတ် ပြုထားတဲ့ စံချိန်ကို
အင်ဂျင်နီယာ ဗိသုကာများက အသုံးမပြုရင်
ဘယ်လိုအဆောက်အဦတွေ ဖြစ်လာမလဲ။





BURMESE CLASSIC .com

စံချိန်ကို မလိုက်နာဘဲ
ဒို့တာတွေ ထင်သလိုနေကြတဲ့အတွက်
ကမ္ဘာကြီးဟာ ပျက်စီးလုနီးနီး ဖြစ်နေပြီ။

လိုက်နာဖို့ ကျင့်စဉ်တွေ
ဒီမှာ ..........






www.burmeseclassic.com

www.burmeseclassic.com

# ကျင့်စဉ် တာဒါတွေပဲ



BURMESE CLASSIC .com

## အဲဒီကျင့်စဉ်တွေဟာ ခေတ်သ မှာ မဏ္ဍိုင်လေးပြာဖြစ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com

မေး - ဟုတ်ပါတယ်၊ ဒါပေမဲ့ ဘာကြောင့် လုံးဝ ကျပ်ပြည့် တင်းပြည့် လုပ်ရမှာလဲ၊

ဖြေ - အကြောင်းက လူတိုင်း လက်ခံနိုင်တဲ့ အကွပ်အကဲကို ကမ္ဘာက လိုနေတယ်၊






အရေးထဲမှာ
ကောင်းကောင်း မပွင့်တဲ့လေထီးကို
ဘယ်သူ သုံးချင်မှာလဲ။



မြုပ်ချင်မြုပ်မယ့်လှေကို
ဘယ်သူစီးချင်မှာလဲ။

မလတ်တလတ် ဘဲဥကို
ဘယ်သူစားချင်မှာလဲ။





www.burmeseclassic.com

www.burmeseclassic.com






# ဟုတ်ပါတယ် ပြောင်း လဲ ရမယ်

စိတ်နှလုံး ပြောင်းလဲခြင်း ဟာ ယနေ့ တွေ့နေရတဲ့ ကမ္ဘာ့ပြဿနာတွေကို ဖြေရှင်းမဲ့ သော့ချက် ဖြစ်တယ်။

ကမ္ဘာကြီး ကိုယ်တိုင်က အစဉ်ပြောင်းလဲနေလို့ ခေတ်နဲ့ ရင်ဘောင်တန်းလိုက်နိုင်အောင် မိမိတို့ကိုယ်တိုင်က စိတ်နှလုံး ပြောင်းလဲ ပြရမယ်။



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းက
သူများပြောင်းလဲတာကို
မြင်ချင်တယ်။





ဒီလူမျိုးက ဟိုလူမျိုး
ပြောင်းလဲတာကို
မြင်ချင်တယ်။





ဒါပေမဲ့ လူတိုင်းလူတိုင်း
ကိုယ်တိုင်က အရင် ပြောင်းလဲမပြဘဲ
သူတစ်ပါးက ပထမစပြီး
ပြောင်းလဲတာကို စောင့်နေကြတယ်။



ကမ္ဘာ့ပြဿနာတွေ အတွက် အဖြေကို အလိုရှိရင်
ဘယ်မှာ ရှာမလဲ ။
တွေ့ပြီ တွေ့ပြီ - အဖြေဟာ ကိုယ့်မှာပဲ ရှိတယ်။




ကိုယ်ကစပြီး ပြောင်းလဲပြရမယ်၊ ပြီးတော့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးက ပထမ ပြောင်းလဲပြရမယ်။



## ဗိုလ်ချုပ် အောင်ဆန်းက မှာခဲ့တယ် -

"လွတ်လပ်ရေး လိုချင်ရင် လွတ်လပ်ရေးရတဲ့ စည်းကမ်း ညီညွတ်မှုတွေကို ထိန်းသိမ်းထားပါ။ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေး အရသာကိုစွအတွက် အလုပ်လုပ်တဲ့ နေရာမှာ စည်းကမ်းရှိဖို့ ပြင်ဆင်သင့်တာတွေ ပြင်ဖို့ ခင်ဗျားတို့ သောက်ကျင့် တွေကို ပြင်ဖို့လို့ ကျွန်တော်ပြောခဲ့မယ် ...."





www.burmeseclassic.com

www.burmeseclassic.com

"နံနက်တိုင်း နံနက်တိုင်း ကျွန်ုပ်တို့ဟာ အာရုံပြုတဲ့ အခါကျမှ ကျွန်ုပ်၌ စိတ်အသစ် ပြုပြင်ပြောင်းလဲမှုကြီးတစ်ခု ဖြစ်ပေါ်လာပါတယ်။ ခုခေတ်မှာ ဆိုးနေတာက ဘုရားကိုအာရုံ မပြုကြလို့ ဖြစ်တယ်။ ကျွန်ုပ်တို့တတွေဟာ စကားလောက်ပဲ ပြောပြောနေကြတာပဲ။

အာရုံပြုပြီး အာရုံအရ လိုက်နာတာဟာ အဖြေမှန် ဖြစ်တယ်။ အဲဒါ လျှို့ဝှက်တဲ့ အချက်ပဲ။ လူတိုင်းလည်း ဖော်ယူနိုင်တာပဲ။

◆ ◆ ◆

တော်လှန်ရေးဆိုတာ - လူတွေရဲ့ သဘာဝကို ပြောင်းလဲ။ လူသစ်တည် ပြည်သစ်ဆောက် အဲဒါမှ တော်လှန်ရေးကို အဆုံးသတ်တဲ့ တော်လှန်ရေးအစစ်ပေါ့"

(ဒေါက်တာ – ဘွတ်ခမင်း)



# လူ့မှာ နားနှစ်ပေါက် ပါးစပ်တပေါက် ပါတယ်-





ဒီတော့ -

စကားတစ်ခါပြောတိုင်း ဘုရားရဲ့စကားကို ဘာကြောင့် နှစ်ခါ နားမထောင်နိုင်ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

ငါဟာ -

ကမ္ဘာကို ကောင်းအောင်လုပ်တဲ့ ဘက်ကလား -
ဆိုးအောင်လုပ်တဲ့ ဘက်ကလား။

စဉ်းစားပါ -

ကြက်ဥပုပ်နဲ့
ရေခဲမုန့်ကောင်းကောင်း လုပ်လို့ မရပါဘူး။








စက္ကူနဲ့ ခဲတံယူ - ပေါ်လာတဲ့ စိတ်အာရုံတွေရေးချ။ ဒါဟာ အရေးမစိုက်လောက်ဘူးလို့ ထင်ရပေမဲ့၊ ပေါ်လာတိုင်း ရိုးဖြောင့်စွာ ရေးချပါ။ ကိုယ့်အမှား ကိုယ်ပြင်ဖို့တွေ့ကောင်းတွေ့လာလိမ့်မယ်။

လူတိုင်းလူတိုင်းကိုယ့်အမှား ကိုယ်ပြင်သွားမယ်ဆိုရင်၊ ကမ္ဘာသစ်ကို တည်ထောင်နိုင်မယ်။

ကောင်းပြီ -

ကမ္ဘာသစ်ဖြစ်အောင် ဒီ့ပြင်နည်း ရှိသေးသလား။



www.burmeseclassic.com

www.burmeseclassic.com




အမောင်က - အမောင့်ကို ပြုပြင်ပြောင်းလဲဖို့
မလိုဘူးလို့ထင်နေသလား။

ဘာဖြစ်ဖြစ် ကိုယ့်မှာ ခံနိုင်ရည် ရှိသားပဲလို့
ထင်နေသလား။

**အမောင်**
**ထင်သလို......**






ရှေးရှေးတုန်းက မင်းမူခဲ့တဲ့ အကောင် -
ယနေ့တော့ မရှိတော့ပါမောင်.......
ခေတ်နဲ့လိုက်၍ပြောင်းလဲဖို့မေ့တာကြောင့်
သူ့ကိုရှာမတွေ့။



www.burmeseclassic.com

www.burmeseclassic.com

အမှန်ကတော့....

လူ့သဘာဝကိုပြောင်းလဲနိုင်တယ်၊ အဲဒါဟာ အမြေမှန်ရဖို့ အကြောင်းအရင်းပဲ။

နိုင်ငံတွေရဲ့ စီးပွားရေးကိုလည်း ပြောင်းလဲနိုင်တယ်။


အဲဒါက- အမြေမှန်ရဲ့ အကျိုးတရားပဲ၊

ကမ္ဘာ့ရာဇဝင်သမိုင်းကိုလဲ ပြောင်းလဲနိုင်တယ်၊ အဲဒါက တို့ခေတ်ရဲ့ ပန်းတိုင်ပဲ။

# လူသစ်

# ပြည်သစ်

# ကမ္ဘာသစ်







www.burmeseclassic.com

www.burmeseclassic.com



အနုမြူဓာတ်ကိုခွဲစိတ်ပြနိုင်တဲ့

ခေတ်မှာ-

မြင်နိုင်တဲ့ ကမ္ဘာလူထုကို ညီညွတ်အောင်

ပေါင်းစည်းပြနိုင်ရမယ်။

ပေါင်းစည်းပြီး အတူတူတက်မလား -

ကွဲပြားပြီး အတူတူပျက်မလား။



ဆက်ဆံဖေစုစပ်ရေးမှာ ဘယ်သူမှန်တယ်
ဘယ်သူမှားတယ် ငြင်းခုံနေကြမလား။



"ဘယ်သူမှန်သလဲ" ဆိုတာမဟုတ်



"ဘယ်ဟာမှန်သလဲ" ဆိုတာသာ ဟုတ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ့မှာ - **စက်မှုလက်မှု** အလုပ်တွေ အမျိုးမျိုးတွင်ကျယ်ပြီးတော့ လူတိုင်းလူတိုင်း နေရေးထိုင်ရေး ချောင်ချိပြီး အလုပ်လက်ရှိလည်းဖြစ်ကြမယ်၊

အညွန့်ရှူးစနစ်လည်း ပျောက်သွားမယ်၊







အဲဒီအခါကျတော့ ...

**အလုပ်သမားများ** က

ကမ္ဘာကို စည်းလုံးပေးကြလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမွန်မြတ်တဲ့ဝါဒ ဟာ

လူတိုင်းလူတိုင်း.....

နေရာတိုင်း.....

နေရာတိုင်း.....

အတွက်

ဖြစ်တယ်။



အဲဒါဟာ -

ကမ္ဘာကို ပြုပြင် ပြောင်းလဲလာအောင်

သူလိုငါလို လူတိုင်းလုပ်ပေးနိုင်တဲ့အခွင့်အရေးပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဒီဝါဒ ကိုလက်ကိုင်ထားရင် -

စက်မှုလက်မှုလုပ်ငန်း က - လူတိုင်းလူတိုင်းလိုတဲ့
စားဝတ်နေရေးကို လုံလုံလောက်လောက်
ပေးလိမ့်မယ်။

အိုးအိမ်များ မှာ - နောင်တစ်ခေတ်လူတွေ အတွက်
ဘရုပ်သုက္ခဘေးမှ ဝေးကွာစေလိမ့်မယ်။

တပ်မတော်များ က - စာရိတ္တမကျိုးပေါက်သစ်တည်ထွင်ပေး
လိမ့်မယ်။

အစိုးရအဖွဲ့၊ သံအဖွဲ့များ က - ရန်သူကိုမိတ်ဆွေဖြစ်လာ
အောင် စွမ်းဆောင်လာပြီး တော့
ကျပ်ပြည့် တင်းပြည့် နိုင်ငံအကျိုးကို
ဆောင်စွမ်းနိုင်ကြလိမ့်မယ်။

လူမျိုးတွေ ဟာလည်း နမော်နမဲ့ အမြင်မှားအထင်မှား
ကွဲပြားမှုတွေမှ လွတ်ကင်းလာကြ
လိမ့်မယ်။


ဘဝသစ်ကြီး မလွဲတမ်း ဆိုက်ရောက်ရမယ်။

နို့တတွေမှာ

ရေချမ်းအိုးကြီး



BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်မှ အောက်ပါ သတ်ပုံမှားများကို ပြင်ဆင်ဖတ်ရှုကြပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

| | |
|---|---|
| စိတ်မဇရဘဲ | စိတ်မအေးရဘဲ |
| ဒို့တတွေ | ဒို့တစ်တွေ |
| စုံစမ်းဘို့ | စုံစမ်းဖို့ |
| ဘာလုပ်နေဒါလဲ | ဘာလုပ်နေတာလဲ |
| တယောက် | တစ်ယောက် |
| ဒီလိုလုပ်မှဘဲလုံချုံ | ဒီလိုလုပ်မှပဲလုံခြုံ |
| လမ်းစဉ်ဘဲ | လမ်းစဉ်ပဲ |
| အားကြီးတခုဘဲ | အားကြီးတစ်ခုပဲ |
| အလိုပြည့်ဝကြမှာဘဲ | အလိုပြည့်ဝကြမှာပဲ |
| ပါးစပ်တပေါက် | ပါးစပ်တစ်ပေါက် |
| ရှာလို့တွေ့ဒါ | ရှာလို့တွေ့တာ |
| အဲဒါဘဲ | အဲဒါပဲ |
| တရာလောက် | တစ်ရာလောက် |
| ဒီအတိုင်းဘဲ | ဒီအတိုင်းပဲ |

(မူရင်းသတ်ပုံများဖြစ်သည်)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့နေထိုင်သောကမ္ဘာ့အရေး

လမ်းညွှန်စာစောင်ကလေး

ကမ္ဘာမှာထိတ်လန့်စရာဘာဖြစ်နေသလဲ

အဲဒါကိုပျောက်အောင်ဘာလုပ်မလဲ



www.burmeseclassic.com